# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၉)

## ထီးနန်းကို မင်းစည်းစိမ်အဖြစ်မှတ်ယူတဲ့ နိုင်ငံရေးဓလေ့

စစ်ကောင်စီက အာဏာသိမ်းပြီး ဆန္ဒပြမှုတွေကို အကြမ်းဖက် ချေမှုန်းမှုတွေလုပ်တာ၊ ပစ်ခတ်မှုတွေမှာ ဦးခေါင်းကို ချိန်ရွယ်ပစ်ခတ်တာ၊ ပစ်ခတ်လို့ သေဆုံးရသူတွေထဲမှာ ကလေးသူငယ်တွေ ပါနေတာ၊ ရပ်ထဲရွာထဲ ဝင်ရောက်ရှင်းလင်းချေမှုန်းတဲ့အခါ ပြည်သူတွေအပေါ် ပြောဆိုပြုမူ ဆက်ဆံပုံတွေဟာ ရန်သူသဖွယ် ရမ်းကားနိုင်လွန်းတာတွေကို ဓာတ်ပုံ၊ ဗီဒီယို စတဲ့ အထောက်အထားတွေမှာ တွေ့မြင်ကြရပါတယ်။ စစ်ကောင်စီတပ်တွေအနေနဲ့ ပြည်သူကိုပါ ရန်-ငါစည်းခြားပြီး ဘာကြောင့်များ ဒီလောက် ရက်စက်နိုင်ရသလဲဆိုတာ ပြည်သူတွေအတွက် နာကျည်းစရာဖြစ်ရသလိုနဲ့ သုတေသီတွေကြားမှာ မေးခွန်းထုတ်စရာလည်း ဖြစ်ရပါတယ်။ အာဏာသိမ်းခြင်း၊ အာဏာစက် တည်ဆောက်ခြင်းပေါ်မှာ မူတည်ပြီး ဖြေဆိုကြံဆချက် အမျိုးမျိုးရှိကြပါတယ်။ ဒီလိုကြံဆမှုတွေထဲမှာ နိုင်ငံရေးဓလေ့ရှုထောင့်က ဖြေဆိုဖို့ အားထုတ်တာကလည်းအရေးပါပါတယ်။ ဒါကြောင့် မင်းအာဏာကို မြန်မာ့နိုင်ငံရေးဓလေ့မှာ ဘယ်လိုရှုမြင်သလဲဆိုတာ အလေးထားလေ့လာအပ်တဲ့ အကြောင်းချက်တရပ် ဖြစ်ပါတယ်။

၇၁

စစ်ကောင်စီ၏ အာဏာသိမ်းယူထားမှုသည် ၂၀၂၁ ခုနှစ် ဧပြီ ၁၂ ရက်တွင် ၇၁ ရက် ရှိပြီဖြစ်သည်။ ဆန္ဒပြပြည်သူများအပေါ် အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက်ချေမှုန်းမှုများနှင့် ဖမ်းဆီးမှုများကို နေ့စဉ်ရက်ဆက်ဆိုသလိုပြုလုပ်နေသော်လည်း လက်ရှိအချိန်အထိ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုမှာ ပုံသဏ္ဍာန်မျိုးစုံဖြင့် နိုင်ငံအနှံ့တွင် ရှိနေဆဲဖြစ်သည်။

## ဆိုလိုရင်းအနှစ်ချုပ်

မြန်မာ့သမိုင်းပညာရှင် ဆရာတိုးလှကတော့ ထီးနန်းကို မင်းစည်းစိမ်လို့ ထင်နေတဲ့အစွဲဟာ ရာဇဝင်မှာ မင်းဆိုးမင်းညစ်တွေ ပေါ်ထွန်းစေတဲ့ အဓိကအကြောင်းရင်းတရပ်ဖြစ်တယ်လို့ သုံးသပ်ပါတယ်။ ‘ထီးနန်းကို ‘စည်းစိမ်’လို့ဆိုလာကတည်းက မြန်မာ့အုပ်ချုပ်ရေးမှာ ကသောင်းကနင်းတွေဖြစ်လာတယ်’လို့ ထင်ပါတယ်။ ‘ပြည်သူ့အတွက် မဖြစ်မနေ ထမ်းဆောင်ရတဲ့ တာဝန်ကြီး’ လို့ မမြင်ခဲ့ကြပါဘူး။ မိဖုရား၊ မောင်းမမိဿံတွေနဲ့ နိုင်ငံကရတဲ့ အခွန်တော်တွေ၊ လက်ဆောင်ပဏ္ဏာတွေနဲ့ စိတ်ကြိုက်နေလို့ရတဲ့ စည်းစိမ်လို့ မြင်လာခဲ့ကြတယ်။ ရေမြေ့ရှင်ဆိုတဲ့စိတ်နဲ့ အာဏာကို အလွဲသုံးစားလုပ်လာခဲ့ကြတယ် (တိုးလှ ၂၀၁၉)’ လို့ ရေးပါတယ်။ မင်းအာဏာကို စည်းစိမ်လို့မြင်တဲ့အခါ သိမ်းပိုက်တဲ့သဘော၊ သူတပါးနဲ့ မဆက်စပ်စေလိုတဲ့ သဘော၊ ကိုယ်ရကိုယ်ယူသဘောဖြစ်လာပါတယ်။ ဒါကိုပါမောက္ခ ဒေးဗစ်စတိုင်းဘတ်က မြန်မာနိုင်ငံရေးဓလေ့မှာ အာဏာကိုမျှဝေစရာ၊ ခွဲခြမ်းစရာ၊ စေ့စပ် ရယူစရာ၊ ပွားစည်းစရာ အဖြစ်မမြင်ဘဲ နိုင်သူအကုန်ယူမှ အပိုင်ရမယ့် အကန့်အသတ်ရှိတဲ့သဘော finite အဖြစ် ရှုမြင်တယ်လို့ သုံးသပ်ပါတယ် (Steinberg, 2001)။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၉)

### ထီးနန်းကို မင်းစည်းစိမ်အဖြစ်မှတ်ယူတဲ့ နိုင်ငံရေးဓလေ့

ဒီသဘောကို ဆရာမောင်မောင်ကြီးက ရေးမွန်မဆွကပဲ မြန်မာတွေဟာ 'အကုန်ရရင်ရ မရရင်ဘာမှမလိုချင်ဘူး'ဆိုတဲ့ ယေဘုယျ သဘောထားမျိုးရှိကြောင်း ထောက်ပြဖူးပါတယ်။ ဆရာက မြန်မာစကားပုံမှာလာတဲ့ 'သေရင်မြေကြီး၊ ရှင်ရင်ရွှေထီး'နဲ့ 'မစားရအရှင်း၊ စားရဆီထမင်း'ဆိုတဲ့ စကားတွေကို ကိုးကားပြီး မြန်မာ့အမြင်မှာ အောင်နိုင်သူနဲ့ ချေမှုန်းခံရသူပဲရှိတယ်။ ရန်သူကို ကိုယ်ကသတ်ရင်သတ် မသတ်ရင် ကိုယ်အသတ်ခံရမယ်ဆိုတဲ့အမြင်ကို ခံယူတယ်လို့ ရေးဖူးပါတယ် (Maung Maung Gyi, 1983)။

ဆရာတိုးလှကု ကုန်းဘောင်မင်းဆက်ဇယားကိုစဉ်ရာမှာ မင်း ၁၁ ပါးမှာ အနည်းဆုံးလေးပါးဟာ အုပ်စိုးနေတဲ့ဘုရင်ကို ပုန်ကန် နန်းလုတက်လာကြတဲ့သူတွေ ဖြစ်တယ်လို့ ဆိုပါတယ် **(ဇယား ၁ ကိုကြည့်ပါ)**။ ဆရာက အခုလို သုံးသပ်ပါတယ်။ 'ထီးနန်းလုကြသူတွေဟာ အလုခံရတဲ့ ဘုရင်မကောင်းလို့ ပြည်သူတွေ ခံစားနေရတဲ့ဒုက္ခတွေကို သနားလို့ ပြည်သူတွေကို ကယ်တင်ချင်လို့ ခုလိုလုပ်ရတယ်လို့တော့ မထင်လိုက်ပါနဲ့။ အုပ်ချုပ်ရေးကိုလဲ ပြည်သူ့အကျိုးအတွက် ကောင်းအောင် 'ထမ်းဆောင်ရမယ့် တာဝန်'လို့ မြော်မြင်ပြီး ပြည်သူတွေ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေချင်တဲ့ စိတ်စေတနာနဲ့ အသက်ကိုစွန့်ပြီး အုပ်ချုပ်ရေးအာဏာကို လုယူခဲ့ကြတာမဟုတ်ဘဲ ထီးနန်းစည်းစိမ်ကို မိဖုရားတွေအများကြီးနဲ့ ကာမဂုဏ်စည်းစိမ်အဖြစ် ခံစားစံစားချင်လို့ အာဏာရှိရင် လုပ်ချင်တာလုပ်လို့ရတယ်ဆိုတဲ့ မတော်လောဘစိတ်နဲ့ နန်းလုခဲ့ကြတာဖြစ်တယ် (တိုးလှ၊ ၂၀၁၉)။'

ချုပ်ပြောရရင် ထီးနန်းကို မင်းစည်းစိမ်လို့မြင်တဲ့အတွက် သိမ်းပိုက်အောင်နိုင်ယူရမယ်၊ ဒီလိုရယူရာမှာ အလျှော့အတင်း မရှိစေရဘူး၊ သေရင်မြေကြီး ရှင်ရင်ရွှေထီးပဲ စံစားရမယ်ဆိုတာတွေဟာ အာဏာ၊ အာဏာလုခြင်း၊ အာဏာ အလွဲသုံးစားလုပ်ခြင်းတွေနဲ့ပတ်သက်လို့ ပညာရှင်တွေဂရုထားမိတဲ့ မြန်မာ့အစဉ်အလာ နိုင်ငံရေးဓလေ့တွေပဲ ဖြစ်ပါတယ်။ ဒီညစ်ထေးတဲ့ နိုင်ငံရေးဓလေ့ဆိုးတွေကို မင်းလိုလိုက် မင်းကြိုက်ဆောင်ပြီး ငုံ့ခံမနေဘဲ သင်ခန်းစာယူစေ၊ ပြုပြင်နိုင်စေ၊ သံဝေဂရစေဖို့ ပြန် လှန်ဆန့်ကျင်တဲ့ အားထုတ်မှုတွေ၊ နမူနာကောင်းတွေလည်း ရှိခဲ့ကြပါတယ်။

**၇၀၆+**

စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများအပေါ် အာဏာသိမ်း စစ်ကောင်စီ၏ အကြမ်းဖက်ချေမှုန်းမှုများကြောင့် ၂၀၂၁ ခုနှစ် ဧပြီ ၁၁ ရက်အထိ သေဆုံးခဲ့ရသော အရပ်သားပြည်သူ ၇၀၆ ဦးကျော် ရှိခဲ့ပြီဖြစ်သည်။ ထို့အတူ ဖမ်းဆီးချုပ်နှောင်ခံထားရသူ ၃၀၅၉ ဦးထက်မနည်း ရှိပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၉)

ထီးနန်းကို မင်းစည်းစိမ်အဖြစ်မှတ်ယူတဲ့ နိုင်ငံရေးဓလေ့

### ကုန်းဘောင်မင်းဆက်ဇယား

| စဉ် | မင်း | တက် | သေ/ကျ | နန်းစံနှစ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အလောင်းမင်းတရား | ၁၇၅၂ | ၁၇၆၀ | ၈ | စစ်မြေပြင်တွင် ဖျားနာသေ |
| ၂ | ဒီပဲယင်းမင်း | ၁၇၆၀ | ၁၇၆၃ | ၃ | နတ်ရွာစံပုံ မကွဲပြား |
| ၃ | မြေဒူးမင်း | ၁၇၆၃ | ၁၇၇၆ | ၁၃ | နတ်ရွာစံ |
| ၄ | စဉ့်ကူးမင်း | ၁၇၇၆ | ၁၇၈၂ | ၆ | နန်းလုခံရ/ကွပ်မျက်ခံရ |
| ၅ | ဖောင်းကားစားမင်း | ၁၇၈၂ | ၁၇၈၂ | ၇ ရက် | နန်းလု/ကွပ်မျက်ခံရ |
| ၆ | ဗဒုံမင်း | ၁၇၈၂ | ၁၈၁၉ | ၃၇ | နန်းလု/နတ်ရွာစံ |
| ၇ | စစ်ကိုင်းမင်း | ၁၈၁၉ | ၁၈၃၇ | ၁၉ | နန်းလုခံရ/နန်းကျ၊ ရိုးရိုးသေ |
| ၈ | သာယာဝတီမင်း | ၁၈၃၇ | ၁၈၄၆ | ၉ | နန်းလု/လေရောဂါနှင့်သေ |
| ၉ | ပုဂံမင်း | ၁၈၄၆ | ၁၈၅၂ | ၆ | နန်းလုခံရ/ရိုးရိုးသေ |
| ၁၀ | မင်းတုန်းမင်း | ၁၈၅၂ | ၁၈၇၈ | ၂၅ | နန်းလု/နတ်ရွာစံ |
| ၁၁ | သီပေါမင်း | ၁၈၇၈ | ၁၈၈၅ | ၇ | ရွှေးချယ်ခံရ/နန်းကျ၊ မဒရပ်ပါ |

ဇယား (၁)၊ တိုးလှ (၂၀၁၉) မှ မူရင်းစာသားများအတိုင်း ရယူဖော်ပြပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၉)
## ထီးနန်းကို မင်းစည်းစိမ်အဖြစ်မှတ်ယူတဲ့ နိုင်ငံရေးဓလေ့

### ဘာကြောင့်အလေးထားသင့်လဲ

မြန်မာနိုင်ငံရဲ့ ၂၀၂၁ လူထုတော်လှန်ရေးမှာ မြင်သာထင်သာတဲ့ ဥပဒေတွေ၊ အုပ်ချုပ်ရေး၊ စီးပွားရေးစနစ်တွေကိုသာမက ထီးရိုပ်နန်းရိုပ်ကလူတွေရဲ့ နိုင်ငံရေးဓလေ့ဆိုးတွေကိုပါ အမြစ်လှန်ပြောင်းလဲပစ်ဖို့ ဦးတည်တာမျိုးကို တွေ့ရပါတယ်။ ရုပ်ပိုင်းဆိုင်ရာစနစ်တော်လှန်ရေးသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ တန်ဖိုးနဲ့ နှုန်းစံပိုင်းဆိုင်ရာ တော်လှန်ရေးကိုပါ တပြိုင်တည်း ဆင်နွှဲနေတာတွေ့ရပါတယ်။ အထူးသဖြင့် အုပ်စိုးသူ လူတန်းစားတွေထဲက ညစ်ထေးလှတဲ့ အာဏာခံယူချက်တွေကို ဖောက်ထုတ်သွေးသစ်လောင်းဖို့ ရည်ရွယ်တာဟာ လှုပ်ရှားမှုကြီးရဲ့ အဓိကကျေးဇူးပြုမှုတရပ်ဖြစ်လာပါတယ် (**လူထုလှုပ်ရှားမှု အနိုင်အရှုံးရလဒ်အကြောင်းစဉ်းစားပုံ။ အလေးထားရမည့် အကြောင်းအချက်များ အမှတ် – ၉ ကို ဆက်စပ်ဖတ်ရှုပါ**)။ ဒီလိုမှသာ လူထုတော်လှန်ရေးတွေရဲ့ အသီးအပွင့်တွေဟာ အောင်မြင်ပြီး အရှည်တည်တံ့နိုင်ပါမယ်။ အာဏာရှင်တယောက်ကို နောက်အာဏာရှင်တယောက်က အစားထိုးတဲ့၊ ပြည်သူတွေကို အပြုခံ၊ အပြဋ္ဌာန်းခံ၊ အသုံးတော်ခံလို ထားတဲ့ နိုင်ငံရေးဓလေ့ဆိုးကလွတ်မြောက်နိုင်ပါမယ်။ ဒ့ါအပြင် ထီးရိုပ်နန်းရိုပ်က လူတွေအချင်းချင်း အဝေမတည့်လို့အာဏာလုကြတိုင်း ပြည်သူတွေက အဲဒီဆိုးကျိုးတွေကို ခါးစည်းခံကြရတာမျိုး ဖြစ်စရာမလိုဘဲ အာဏာဟာ မင်းစည်းစိမ်မဟုတ်၊ အာဏာဆိုတာ ပြည်သူ့ဆီကဆင်းသက်လာတာ၊ ပြည်သူတွေက အာဏာရှိသူတွေကို အထိန်းအထေနဲ့ ကွပ်ညှပ် သြဇာလွှမ်းနိုင်ရမယ်၊ အာဏာအပ်နှင်းခံရတယ်ဆိုတာ 'ပြည်သူ့အတွက် မဖြစ်မနေ ထမ်းဆောင်ရတဲ့ တာဝန်ကြီး'လို့ ရှုမြင်တဲ့ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုထွန်းကားစေဖို့အတွက် နိုင်ငံရေးဓလေ့ရှုထောင့်က မြန်မာတွေရဲ့ အာဏာရှုမြင်ပုံကို လေ့လာခြင်းက အလေးထားသင့်တဲ့ အကြောင်းတရပ် ဖြစ်ပါတယ်။

### မြန်မာနိုင်ငံနဲ့ ဆီလျော်သလား

မြန်မာ့နိုင်ငံရေးသမိုင်းမှာ မင်းစည်းစိမ်လိုချင်လို့ အာဏာလုတဲ့အခါ အဖေသတ်၊ ဦးရီးသတ်၊ အကိုသတ်၊ သားသတ်၊ တူသတ်ခဲ့ကြတာ၊ ကုန်းဘောင်ခေတ်မှာဆို မင်းညီမင်းသား ၄၀ ကျော်ကို အစုလိုက်အပြုံလိုက် လုပ်ကြံခဲ့တဲ့ နိုင်ငံရေးအရကြောက်စရာသတ်ဖြတ်မှုတွေတောင် ရှိခဲ့ပါတယ်။ မင်းဆက်တိုင်းလိုလိုမှာ နန်းလုမှု ပြဿနာတွေ ရှိခဲ့ကြပါတယ်။ အောင်မြင်တာနဲ့ မအောင်မြင်တာပဲ ကွာပါတယ်။ နန်းလျာအလွှဲအပြောင်း၊ မင်းပြောင်းမင်းလွဲကာလတွေဟာ မချောမွေ့တာ၊ သွေးထွက်သံယိုတွေဖြစ်တတ်တာဟာ ပဒေသရာဇ်ခေတ်ကနေ၊ မျက်မှောက်ခေတ်အထိ ကြုံနေရပါတယ်။

စစ်ကောင်စီဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က အာဏာသိမ်းခဲ့ပေမဲ့ သိမ်းတာမဟုတ်ဘူး၊ ထိန်းတာသာဖြစ်တယ်၊ ဒါဟာ အာဏာရပါတီ NLDက မဲမသမာမှုတွေလုပ်လို့ ထိန်းလိုက်ရတဲ့ နေပြည်တော်နိုင်ငံရေးသာဖြစ်တယ်လို့ ပုံဖော်ခဲ့ပါတယ်။ ဒါဟာ အကြောင်းပြချက်တခုသာဖြစ်ပြီး ပြည်သူလူထုကလည်း လက်မခံကြပါဘူး။ လူထုတော်လှန်ရေး အချိန်ကြာလာတာနဲ့အမျှ ခေါင်းဆောင်တွေ၊ စွန့်လွှတ်မှုအပြည့်နဲ့ လမ်းပေါ်ထွက်ဆန္ဒပြကြတဲ့ ပြည်သူ အများစုကပါ ဒီလှုပ်ရှားမှုဟာ ပါတီတခု၊ ပုဂ္ဂိုလ်တဦးတယောက်အတွက် တိုက်ပွဲဝင်နေတာမဟုတ်ဘူး။ အာဏာကို ဒီလို မတရား အနိုင်အထက်ကျင့်နည်းနဲ့ ရယူတာ၊ မင်းပြောင်းမင်းလွှဲကို သွေးထွက်သံယိုနည်းနဲ့ ဖြေရှင်းတာကို လက်မခံတာပဲဖြစ်တယ်၊ စစ်အာဏာရှင်စနစ်ကို ဖြောင်ကျကျပြန်အသက်သွင်းလာတာကိုအန်တုတာပဲဖြစ်တယ်လို့ ပိုပြီး သဘောထားလာကြတာ တွေ့နိုင်ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၉)

### ထီးနန်းကို မင်းစည်းစိမ်အဖြစ်မှတ်ယူတဲ့ နိုင်ငံရေးဓလေ့

အာဏာသိမ်းသူတွေဟာ ရှိရင်းစွဲ ပုဂ္ဂလိက ကြွယ်ဝချမ်းသာမှုတွေ လျော့ပါးမှာစိုးလို့၊ ရလတ္တံ့သော ခနန္ဓဲ အဂတိအခွင့်လမ်းသစ်တွေ ဆုတ်ယုတ်မှာစိုးလို့၊ မင်းအာဏာကို စည်းစိမ်လိုမြင်ပြီး အာဏာသိမ်းတာဖြစ်တယ်။ ဒါကြောင့် အာဏာသိမ်းရာမှာ တာဝန်ရှိသူတွေဖြစ်တဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေရဲ့ စီးပွားရေးလုပ်ငန်းတွေကို ပစ်မှတ်ထား ပြစ်ဒဏ်ခတ်မှုတွေ၊ သပိတ်မှောက်မှုတွေကို ပြည်ပအစိုးရတချို့ကရော၊ ပြည်တွင်း ပြည်သူတွေက လုပ်ဆောင်ကြတာ (ဝါ) လုပ်ဆောင်ဖို့ လှုံ့ဆော်ကြတာမျိုးတွေကို တွေ့မြင်ကြရပါတယ်။

နန်းလုတာဟာ အာဏာကို မင်းစည်းစိမ်လို့ရှုမြင်လို့၊ ဒီလိုမြင်တဲ့အတွက် သေရင်မြေကြီး ရှင်ရင်ရွှေထီး အလျှော့အတင်းမရှိ လက်ကုန်လုပ်ရမယ်ဆိုတဲ့ ခံယူချက်နဲ့ ချေမှုန်းနှိပ်ကွပ်မှုတွေ ကျူးလွန်ခဲ့ကြတာပါ။ အကျိုးဆက်အားဖြင့် မြို့ပြနိုင်ငံရေးမှာ ဆယ်စုနှစ်နဲ့ချီ မကြုံဘူးခဲ့တာတွေကို ခြောက်ခြားတုန်လှုပ်စရာအဖြစ် ပြည်သူတွေရော၊ ကမ္ဘာကပါ ဆိုရှယ်မီဒီယာကတဆင့် မြင်တွေ့ခဲ့ကြရပါတယ်။ ဒါကြောင့် မြန်မာ့အုပ်စိုးသူတွေရဲ့ အာဏာဆိုင်ရာအမြင်နဲ့ လူထုက ဆန့်ကျင်ဆင်နွှဲတဲ့ တန်ဖိုးနဲ့၊ နှုန်းစံတော်လှန်ရေးကို တွဲဖက်လေ့လာတာဟာ လူ့အဖွဲ့အစည်းရဲ့ နိုင်ငံရေးယဉ်ကျေးမှု အပြောင်းအလဲကို အထောက်အကူဖြစ်စေတာမို့ ဒီ သမိုင်းသုတေသနဟာ မြန်မာ့အခြေအနေနဲ့ အထူးဆီလျော်လှပါတယ်။ နိုင်ငံရေးကို ရာဇရေးသက်သက်အဖြစ် သတ်မှတ်လက်လွှဲထားတာကနေ၊ လူထုအရေးအရာအဖြစ် ပြောင်းလဲပစ်ပြီး ပြည်သူ့အာဏာ ပြည်သူ့လက်ထဲ ပြန်ယူနိုင်မှသာ ရာဇဓလေ့ဆိုးတွေကို လူထုဓလေ့၊ ဒီမိုကရေစီဓလေ့နဲ့ ထိန်းထေနိုင်မယ်၊ ဧကဝါဒကျဆုံးပြီး ဗဟုဝါဒ ထွန်းကားနိုင်မှာဖြစ်ပါတယ်။

**Further Readings**

တိုးလှ (၂၀၁၉)။ ရာဇဝင်ထဲက မင်းဆိုးမင်းညစ်များ (ပုံနှိပ်မှတ်တမ်း မပါဝင်။)

Maung Maung Gyi. (1983). Burmese Political Values. The Socio-Political Roots of Authoritarianism. New York: Praeger.

Steinberg, David I. (2001). Burma: The State of Myanmar. Washington, D.C. Georgetown University Press